၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)



# ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲနှင့်အတူ (၃၉) ရွေးကောက်ပွဲ၊ ကိုဗစ်-၁၉ နှင့် နိုင်ငံ့တာဝန်၊ ပြည်သူ့တာဝန်၊ ကိုယ်စီတာဝန်

မောင်စာဂ

**၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီးကို နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပါမည်။ ကိုဗစ်- ၁၉ ရောဂါ ကူးစက်ခံနေရစဉ်ကာလအတွင်း ထူးခြားသော လက္ခဏာအသွင်သဏ္ဌာန်များဖြင့် ကျင်းပရမည့် ရွေးကောက်ပွဲကြီးလည်းဖြစ်ပါမည်။ ရွေးကောက်ပွဲကျင်းပခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းတို့သည် နိုင်ငံ့အရေး၊ ပြည်သူ ပြည်သားများ၏အရေး၊ နိုင်ငံသားအားလုံး၏ အရေးဖြစ်သည်။ နိုင်ငံ့တာဝန်၊ ပြည်သူ ပြည်သားများ၏တာဝန်၊ နိုင်ငံသားများ၏တာဝန်၊ ကိုယ်စီကိုယ်စီတာဝန်များ ရှိကြသည်။ တာဝန်ကိုယ်စီ ယူကြရသည်။ အနှစ်ချုပ်မျှဝေပါရစေ။**

> ❒ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲကျင်းပသည့်အခါ ပြည်သူများက ဘေးကင်းလုံခြုံ ယုံကြည်စိတ်ချစွာ ဆန္ဒမဲပေးနိုင်ရန် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ တားဆီးနိုင်ရေး အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိ**
>
> ❒ **ကိုဗစ်- ၁၉ ရောဂါ ကူးစက်ခံရသည့် ကာလအတွင်း ရွေးကောက်ပွဲများ ကျင်းပခဲ့သည့် နိုင်ငံများ၏ အတွေ့အကြုံ သင်ခန်းစာများကို ရယူ**
>
> ❒ **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အစဉ်တစိုက် ဆွေးနွေးညှိနှိုင်း ပူးပေါင်းဆောင်ရွက်လျက်ရှိ**
>
> ❒ **မဲဆန္ဒရှင်များနှင့် ရွေးကောက်ပွဲ စီမံခန့်ခွဲသူများ လိုက်နာရမည့် စံလုပ်ငန်းလမ်းညွှန်များနှင့် မဲရုံအသီးသီးတွင် ဆန္ဒမဲ ပေးရမည့် ပြည်သူများအားလုံး အဆင်ပြေချောမောစွာ ဆန္ဒပြုမဲပေးနိုင်ရေး အစီအမံများကိုလည်း ဆက်လက်ထုတ်ပြန်သွားပါဦးမည်**

### ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအခြေအနေ

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကိုဗစ်- ၁၉ ရောဂါ ဆိုးရွားစွာ ကူးစက်ခံနေရသည်။ မြန်မာနိုင်ငံတွင်လည်း ၂၀၂၀ ပြည့်နှစ် မတ်လဆန်းလောက်က စတင်ကူးစက်ခံရသည်။ ဩဂုတ်လကုန်အထိ ကူးစက်ခံရသူပေါင်း ရာဂဏန်းကျော် ခန့်သာရှိသည်။ တစ်နေ့လျှင် ကူးစက်ခံရသူဦးရေ ခုဂဏန်းမျှသာရှိသည်။ သေဆုံးသူဦးရေ ခြောက်ဦးသာ ရှိခဲ့သည်။

ဩဂုတ်လအကုန် စက်တင်ဘာလဆန်းလောက်က စတင်၍ ရခိုင်ပြည်နယ်တွင် ထောင်ဂဏန်းကျော်အထိ ကူးစက်ခံရသည်မှစပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းပါ ကူးစက်မှုပိုမိုများပြားလာခဲ့သည်။ ဒုတိယအကျော့ဟု အဆိုရှိကြသည်။ ကျန်ဒေသကြီးအချို့ပါ ကူးစက်ခံရမှုများ ရှိလာခဲ့သည်။ ရောဂါပိုးသံသယရှိသူများ တစ်နေ့တစ်နေ့လျှင် ဆယ်ဂဏန်းကျော်မှ ရာဂဏန်းကျော်အထိ ရှိလာသည်။ အားလုံးသတိပြု ဆင်ခြင်သွားလာ နေထိုင်ကြရပါမည်။

### ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

ကိုဗစ်- ၁၉ ရောဂါ စတင်ကူးစက်ခံရချိန်မှ စတင်၍ ကာကွယ်ရေး၊ ထိန်းချုပ်ရေး၊ ကုသရေးဆိုင်ရာ ဆောင်ရွက်ခြင်းလုပ်ငန်းများကို နိုင်ငံတော်အစိုးရက အမျိုးသားရေးလုပ်ငန်းတာဝန်၊ နိုင်ငံ့တာဝန်အဖြစ် ခံယူသည်။ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီကို ဖွဲ့စည်းသည်။ ဗဟိုကော်မတီက မူဝါဒများ၊ လမ်းညွှန်ချက်များ ချမှတ်သည်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်သည်။ အချိန်အခါနှင့် အခြေအနေပေါ်မူတည်၍ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ဆောင်ရန်၊ ရှောင်ရန် အချက်များကို သတ်မှတ်ထုတ်ပြန်ခဲ့သည်။ ပြည်သူများ ပါဝင်ပူးပေါင်းလိုက်နာကြရန်လည်း နှိုးဆော်ခဲ့ကြသည်။

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီက ချမှတ်သော မူဝါဒလုပ်ငန်းစဉ်များ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်သော စည်းမျဉ်းစည်းကမ်းများ၊ ဆောင်ရန်၊ ရှောင်ရန် အချက်များကို ပြည်သူများက လိုက်နာပူးပေါင်း ပါဝင်ခဲ့ကြသည်။ လိုအပ်သည့်အချိန်၊ လိုအပ်သည့်နေရာ၊ လိုအပ်သည့်ငွေ၊ ပစ္စည်း၊ လိုအပ်သည့် လုပ်အားဒါနများကို စေတနာသဒ္ဓါတရား၊ စိတ်အား၊ ခွန်အား၊ ပညာအား၊ ဖွဲ့၊ လုံ့လအားတို့ဖြင့် ပါဝင်လုပ်ဆောင်၊ ကူညီပံ့ပိုး လှူဒါန်းမှုများ ပြုကြသည်။ စည်းမျဉ်း စည်းကမ်းများနှင့်အညီ အိပ်စက်၊ နားနေ၊ သွားလာ၊ လှုပ်ရှားနေထိုင်၊ လုပ်ကိုင်၊ အသက်မွေးဝမ်းကျောင်းပြုရင်းဖြင့် မိမိတို့တတ်နိုင်သည့်အခန်းကဏ္ဍမှ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ကြသည်။

### ညီညွတ်ခြင်း၏အင်အား

နိုင်ငံတော်တာဝန်ရှိ အကြီးအကဲများ၊ ပြည်သူပြည်သားများ၊ ကျန်းမာရေးဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများ၊ အသိပညာရှင် အတတ်ပညာရှင်များ အစရှိသည့် အလွှာအသီးသီးမှ နိုင်ငံသူ နိုင်ငံသားအားလုံးတို့သည် တာဝန်ကိုယ်စီ၊ အသိကိုယ်စီဖြင့် အရေးကြီးက သွေးစည်းကြရမည်ဆိုစကားနှင့်အညီ ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြသည်။ ညီညွတ်ခြင်း၏အင်အားဖြင့် ပထမအကြိမ်ဖြစ်ပွားခဲ့သော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကြီးကို နိုင်နင်းစွာ ဆောင်ရွက်နိုင်ခဲ့သည်။

ယခုတစ်ဖန် ဒုတိယအကျော့ဟု အဆိုရှိသော ကိုဗစ်- ၁၉ ရောဂါ ကူးစက်ခံရမှု ပိုမိုများပြားလာသော်လည်း ပထမအကြိမ်ကဲ့သို့ပင် နိုင်ငံတော်အစိုးရနှင့် ပြည်သူ၊ ပြည်သူနှင့် နိုင်ငံတော်အစိုးရတို့ ညီညွတ်စွာ ပူးပေါင်း ဆောင်ရွက်ကြခြင်း၏ အင်အားဖြင့် ကိုဗစ်- ၁၉ ရောဂါ ကူးစက်မှုကို အချိန်တိုအတောအတွင်း ကောင်းမွန်စွာ ကာကွယ် ထိန်းချုပ်သွားနိုင်ပါမည်။

### ကိုဗစ်- ၁၉ က ပေးသော အလေ့အကျင့်

ကိုဗစ်-၁၉ က ကမ္ဘာ့လူသားများကို စည်းကမ်းတကျဖြစ်စေသည်။ နေမှု၊ ထိုင်မှု၊ သွားမှု၊ လာမှု၊ စားသောက်မှု၊ အိပ်စက်အနားယူမှု၊ ပြောဆိုဆက်ဆံမှု၊ ဝတ်စားဆင်ယင်မှု စသည့် စားဝတ်နေရေး၊ လူမှုဆက်ဆံရေးတို့ကို တိုးတက်ကောင်းမွန်အောင် သင်ပြပေးသည်။ တစ်ဦးနှင့်တစ်ဦး တန်ဖိုးထားမှု၊ အပြန်အလှန်နားလည်မှု၊ ရိုင်းပင်းကူညီမှု၊ စာနာထောက်ထားမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ သည်းခံခွင့်လွှတ်မှု၊ ကိုယ်ချင်းစာနာမှု၊ သနားကြင်နာမှု၊ သစ္စာရှိမှု၊ မေတ္တာကရုဏာထားမှု၊ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနများ ကင်းစင်မှု စသည့်စိတ်ကောင်း၊ စေတနာကောင်းများ ဖြစ်ထွန်းစေသည်။ ဤအလေ့အကျင့်တို့ကို မြန်မာနိုင်ငံသူ နိုင်ငံသားများလည်း ရရှိလိုက်ကြသည်။

### ကိုဗစ်- ၁၉ ကပေးသော အစွမ်းသတ္တိ

ကိုဗစ်- ၁၉ က ကမ္ဘာ့လူသားများအား ဆန်းသစ်တီထွင်၊ ဖန်တီးမှုအသိပညာ၊ အတတ်ပညာ အသစ်များ ပေးသည်။ စိန်ခေါ်မှုမှန်သမျှ တောင့်ခံနိုင်သောစွမ်းအား၊ အခက်အခဲမှန်သမျှ ရင်ဆိုင်နိုင်သော၊ ကျော်လွှားနိုင်သော၊ ဖြတ်သန်းနိုင်သော၊ ထိုးဖောက်နိုင်သော ရဲစွမ်းသတ္တိများ ဖြစ်ထွန်းစေသည်။ လူသားတို့၏ မိမိကိုယ်ကိုယုံကြည်မှု မြင့်မားစေသည်။ စည်းလုံးညီညွတ်မှု ခိုင်မာစေသည်။ ပူးပေါင်းဆောင်ရွက်မှု ထက်သန်စေသည်။ စေတနာ၊ ပညာ၊ ခွဲ၊ လုံ့လ၊ ဝီရိယတို့ အားကောင်းစေသည်။ ဤအစွမ်းသတ္တိတို့ကို မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးလည်း ရရှိလိုက်ကြသည်။

### ကိုဗစ်-၁၉ က အလိုရှိသောကမ္ဘာ

ကိုဗစ်-၁၉ က ကမ္ဘာသူ ကမ္ဘာသားများအား အသိပေးအချက်ပြလိုက်သည်လား အောက်မေ့ရသည်။ ကမ္ဘာကြီးအား တည်ငြိမ်သောကမ္ဘာ၊ ငြိမ်းချမ်းသောကမ္ဘာ၊ သာယာသောကမ္ဘာ၊ လှပသောကမ္ဘာ၊ ဖွံ့ဖြိုးတိုးတက်သောကမ္ဘာကြီး ဖြစ်စေချင်သည်။ ကမ္ဘာသူ ကမ္ဘာသားအားလုံး စည်းလုံးညီညွတ် ကြစေချင်သည်။ အတ္တလွန်ကဲမှုများ၊ အစွန်းရောက်လွန်းခြင်းများ ချုပ်ငြိမ်းစေလိုသည်။ အဓမ္မမှုများ ပပျောက်၍ ဓမ္မများ လွှမ်းခြုံထားစေချင်သည်။ လူသားဝါဒ ဖြစ်ထွန်းစေချင်သည်။ မိမိကိုယ်ကို လူသားဟု မြင်သကဲ့သို့ အခြားသူများကိုလည်း လူသားဟု မြင်စေချင်သည်။ ဤသည်တို့ကို ကမ္ဘာသူ ကမ္ဘာသားအားလုံး သတိမူအလေးထားလာကြသည်။ အသိတရားများ ရရှိလာကြသည်။

### ရွေးကောက်ပွဲ

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီးသည် ပြည်သူများ၏ဆန္ဒနှင့်အညီ ရွေးကောက်တင်မြှောက်သော ပြည်သူ့ကိုယ်စားလှယ်များဖြင့် လွှတ်တော်အသီးသီးကို ပြန်လည်ဖွဲ့စည်းနိုင်ရေးအတွက်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများကို ပြန်လည်ဖွဲ့စည်းနိုင်ရေးအတွက်လည်းကောင်း ကျင်းပမည့် ရွေးကောက်ပွဲဖြစ်သည်။

ဤကဲ့သို့အရေးကြီးသော ရွေးကောက်ပွဲကြီးကို ကိုဗစ်- ၁၉ ရောဂါ ကူးစက်ခံနေရသည့် အချိန်ကာလအတွင်း ကျင်းပရပါမည်။ ကိုဗစ်- ၁၉ ရောဂါသည် မည်သည့်အချိန်တွင် မည်သို့သော အခြေအနေမျိုးရှိမည်ကို ခန့်မှန်းတွက်ချက်နိုင်ခြင်းလည်း မပြုနိုင်ကြပါ။

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးက အရေးကြီးသလို ရွေးကောက်ပွဲကျင်းပခြင်းကလည်း ယင်း၏အနှစ်သာရ၊ လုပ်ငန်းသဘောအရ အရေးကြီးသည်။ နိုင်ငံတကာတွင်လည်း ကိုဗစ်- ၁၉ ရောဂါ ကူးစက်ခံနေရစဉ် ကာလအတွင်းမှာပင် သတ်မှတ်ထားသည့်နေ့ရက်များတွင် ရွေးကောက်ပွဲများကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြသည်။ ကိုဗစ်-၁၉ ၏ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ခဲ့ကြသည်။

### ကိုယ်စီတာဝန်ကျေပွန်ကြပါစို့

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းနှင့် ရွေးကောက်ပွဲကျင်းပခြင်းလုပ်ငန်းစဉ် နှစ်ခုစလုံးသည် နိုင်ငံ့အရေး၊ ပြည်သူ ပြည်သားများ၏အရေး၊ နိုင်ငံသားအားလုံး၏အရေးဖြစ်သည်။ နိုင်ငံ့တာဝန်၊ ပြည်သူ ပြည်သားများ၏တာဝန်၊ နိုင်ငံသားများ၏ တာဝန်၊ ကိုယ်စီကိုယ်စီ တာဝန်များ ရှိကြသည်။

နိုင်ငံ့တာဝန်၊ ပြည်သူ ပြည်သားများ၏ တာဝန်၊ နိုင်ငံသားများ၏တာဝန်၊ ကိုယ်စီကိုယ်စီ တာဝန်များ ကျေပွန်စွာ လိုက်နာဆောင်ရွက်ကြခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ကြသည်။ တစ်ပြိုင်နက်တည်း ရွေးကောက်ပွဲကြီးကို အောင်မြင်အောင် ကျင်းပသွားနိုင်ကြခြင်းအားဖြင့် နိုင်ငံ့တာဝန်၊ ပြည်သူ ပြည်သားများ၏တာဝန်၊ နိုင်ငံသားများ၏တာဝန်၊ ကိုယ်စီကိုယ်စီ တာဝန်ကျေပွန်ကြကြောင်းကိုလည်း ပြသကြရပါမည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲကျင်းပသည့်အခါ ပြည်သူများက ဘေးကင်းလုံခြုံ ယုံကြည်စိတ်ချစွာ ဆန္ဒမဲပေးနိုင်ရန် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီးနိုင်ရေး အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ကိုဗစ်- ၁၉ရောဂါ ကူးစက်ခံရသည့် ကာလအတွင်း ရွေးကောက်ပွဲများ ကျင်းပခဲ့သည့် နိုင်ငံများ၏ အတွေ့အကြုံ သင်ခန်းစာများကို ရယူသည်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အစဉ်တစိုက် ဆွေးနွေးညှိနှိုင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးရာတွင် လိုက်နာရမည့် စံလုပ်ငန်းလမ်းညွှန်များကို ထုတ်ပြန်ပေးခဲ့သည်။ မဲဆန္ဒရှင်များနှင့် ရွေးကောက်ပွဲစီမံခန့်ခွဲသူများ လိုက်နာရမည့် စံလုပ်ငန်းလမ်းညွှန်များနှင့် မဲရုံအသီးသီးတွင် ဆန္ဒမဲပေးရမည့် ပြည်သူများအားလုံး အဆင်ပြေချောမောစွာ ဆန္ဒပြုမဲပေးနိုင်ရေး အစီအမံများကိုလည်း ဆက်လက်ထုတ်ပြန်သွားပါဦးမည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲများနှင့် ရွေးကောက်ပွဲစီမံခန့်ခွဲသူများ၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ မဲဆန္ဒရှင်ပြည်သူများ၊ ရွေးကောက်ပွဲ လေ့လာသူများ အပါအဝင် ပြည်သူတစ်ရပ်လုံးသည် ကိုဗစ်- ၁၉ က ရရှိသော အလေ့အကျင့်၊ အသိ၊ သတိနှင့် ရဲစွမ်းသတ္တိများ ရှိကြရပါမည်။ အားလုံးညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် မဲဆန္ဒရှင်ပြည်သူများ ကိုဗစ်- ၁၉ ရောဂါအန္တရာယ်မှ ကင်းဝေးပြီး စိတ်အေးချမ်းသာယာပျော်ရွှင်စွာဖြင့် ရွေးကောက်ပွဲကြီးကို အောင်မြင်အောင် ကျင်းပနိုင်မည်ဟု ယုံကြည်ကြောင်းပါဗျာ။

- ကိုဗစ်-၁၉ရောဂါကို အားလုံးကိုယ်စီတာဝန်ဖြင့် ပူးပေါင်းကာကွယ်၊ ထိန်းချုပ်ကျော်လွှားနိုင်ကြပါစေ၊
- ရွေးကောက်ပွဲကြီးတွင် ကိုယ်စီတာဝန် ကျေပွန်စွာဖြင့် ပူပေါင်းပါဝင်ဆောင်ရွက်နိုင်ကြပါစေ၊
- ရွေးကောက်ပွဲကြီး ဘေးကင်းလုံခြုံ ချောမောအောင်မြင်စွာ ကျင်းပနိုင်ပါစေ။